## (က) လက်အောက်ခံကုမ္ပဏီခွဲသစ်တစ်ခုတည်ထောင်ခြင်း

## (ခ) အကျိုးတူလုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုခြင်း

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်)ကုမ္ပဏီလီမိတက် ("ကုမ္ပဏီ"နှင့်၎င်း၏လက်အောက်ခံကုမ္ပဏီခွဲများ စုပေါင်း၍"ကုမ္ပဏီအုပ်စု") ဒါရိုက်တာအဖွဲ့သည် FMIကုမ္ပဏီအနေနှင့်ရန်ကုန်မြို့တော်ရှိဘတ်စ်ကားမှတ်တိုင် များအားခေတ်မီလုပအသုံးဝင်ပြီး ခရီးသွားပြည်သူများသို့ သတင်းအချက်အလက်အသိပေးနေရာများအဖြစ်သို့ ပြောင်းလဲနိုင်ရန်အတွက်ပြင်သစ်နိုင်ငံ JCDecaux S.A ("JCDecaux")၏ ရာနှုန်းပြည့် လက်အောက်ခံကုမ္ပဏီ JCDecaux Asia(S) Pte Ltd. နှင့်အကျိုးတူဖက်စပ်၍ FMIDecaux Co.,Ltd.("FMIDecaux") အားတည်ထောင်ရန်သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြောင်း အသိပေးကြေညာအပ်ပါသည်။

FMIDecaux ကုမ္ပဏီနှင့်ပတ်သက်သောရင်းနှီးမြှုပ်နှံမှုဆိုင်ရာအချက်အလက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

| | |
|---|---|
| ကုမ္ပဏီအမည် | FMIDecaux Company Limited |
| ကုမ္ပဏီရုံးစိုက်ရာနေရာ | မြန်မာနိုင်ငံ |
| ကနဦးအပြည့်ပေးသွင်းပြီးရှယ်ယာ | အမေရိကန်ဒေါ်လာ ၇၅,၀၀၀/- |
| ထည့်ဝင်ရင်းနှီးမြှုပ်နှံမှု | FMI ကုမ္ပဏီမှရင်းနှီးမြှုပ်နှံမှု ၄၀% ပိုင်ဆိုင်ပါသည်။ |

အဆိုပါသဘောတူစာချုပ်အရ FMIDecaux လုပ်ငန်းအား အမေရိကန်ဒေါ်လာ ၁၃ သန်း ထည့်ဝင်ရင်းနှီး မြှုပ်နှံမည်ဖြစ်ပြီး JCDecaux က ၆၀% ထည့်ဝင်၍ FMI ကုမ္ပဏီမှ ၄၀% ထည့်ဝင်မည်ဖြစ်ပါသည်။

FMIနှင့်JCDecauxတို့သည် ဘတ်စ်ကားမှတ်တိုင်၅၀၀နှင့်ရန်ကုန်မြို့တော်အကြောင်း သတင်းအချက်အလက်အသိပေးဆိုင်းဘုတ် ၅၀၀ အားတည်ဆောက်တပ်ဆင်၍ နှစ်(၂၀)ကြာတစ်ဦးတည်းလုပ်ငန်း လုပ်ကိုင်ခွင့်တင်ဒါကိုအောင်မြင်ရရှိခဲ့ပါသည်။ ဘတ်စ်ကားမှတ်တိုင်များကို "Mingalaba" နှင့် "Foster" ဒီဇိုင်းနှစ်မျိုးဖြင့်တည်ဆောက်တပ်ဆင်သွားမည်ဖြစ်ရာ ယင်းဒီဇိုင်းနှစ်ခုစလုံးကို JCDecaux၏ အပြည်ပြည်ဆိုင်ရာဒီဇိုင်းအဖွဲ့က ဒီဇိုင်းရေးဆွဲသွားမည်ဖြစ်ပါသည်။ FMIDecaux ၏ ပထမဆုံးဘတ်စ်ကားမှတ်တိုင်ကိုသဘောတူစာချုပ် ချုပ်ဆိုသည့် ၂၀၁၈ ခုနှစ်၊ဇန်နဝါရီလ (၂၀) ရက်နေ့မှစ၍ ငါးလအတွင်း တည်ဆောက်၍ ကျန်ဘတ်စ်ကားမှတ်တိုင်အားလုံးကို (၃)နှစ်အတွင်းတည်ဆောက်ရန် လျာထားပါသည်။

JCDecaux ကုမ္ပဏီသည် ၁၉၆၄ခုနှစ်တွင် ကြော် ငြာဆိုင်းဘုတ် နှင့် ခုံတန်း ရှည်များ ကဲ့သို့ အရာများပါဝင်သည့် street furniture အယူအဆကိုတီထွင်ခဲ့ပြီး ယနေ့အချိန်တွင် street furniture လုပ်ငန်း၊ သယ်ယူ ပို့ ဆောင် ရေး ကြော် ငြာလုပ်ငန်း၊ Billboardကြော် ငြာလုပ်ငန်း နှင့် ကိုယ်တိုင်ယူစနစ်စက်ဘီးငှားရမ်းခြင်းလုပ်ငန်း တို့တွင်ကမ္ဘာ့ ဈေးကွက်၌ ဦးဆောင်နေသူဖြစ်ပါသည်။ လက်ရှိအချိန်တွင် JCDecaux ကုမ္ပဏီသည် နိုင်ငံ ပေါင်း ၇၅ နိုင်ငံနှင့် မြို့ကြီး ၄,၂၈၀ မြို့တို့တွင် ဝန်ထမ်းပေါင်း ၁၃,၀၀၀ ကျော်ဖြင့် အရည်အသွေးမြင့် street furnitureနှင့် ကြော် ငြာ

လုပ်ငန်းများကိုဆောင်ရွက်လျှက်ရှိပါသည်။

JCDecauxကုမ္ပဏီသည်ကမ္ဘာ့ထိပ်တန်းလေဆိပ်များ၊ မြေအောက်ရထားလမ်းများ၊မီးရထားဘူတာရုံများ၊ရှော့ပင်းစင်တာများနှင့်အများပြည်သူအပန်းဖြေနေရာများတွင်ဒစ်ဂျစ်တယ်ကြော်ငြာဆိုင်းဘုတ် ၅၃,၀၀၀ ခန့် ဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိပါသည်။ ၂၀၁၆ ခုနှစ်တွင် JCDecaux သည် ဝင်ငွေ ယူရို ၃,၃၉၃ သန်း ရရှိ ခဲ့ပါသည်။

**သဘောတူစာချုပ် ချုပ်ဆိုခြင်း**

ကုမ္ပဏီဖွဲ့စည်းတည်ထောင်ပြီးနောက် ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်နေ့တွင် FMIDecaux နှင့် YCDC တို့သည် ရန်ကုန်မြို့တော်၌ခေတ်မီဘတ်စ်ကားမှတ်တိုင်များနှင့်ယင်းဘတ်စ်ကားမှတ်တိုင်ပေါ်တွင်ကြော်ငြာလုပ်ငန်းများတပ်ဆင်ထုတ်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက်သဘောတူစာချုပ် အား ချုပ်ဆိုခဲ့ကြပါသည်။

ဤအကျိုးတူဖက်စပ်လုပ်ငန်းသည်၂၀၁၇ခုနှစ်၊ဒီဇင်ဘာလ(၃၀)ရက်နေ့တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ထံမှ ခွင့်ပြုမိန့်ရရှိပြီးဖြစ်ပါသည်။

**ဘဏ္ဍာရေးဆိုင်ရာအကျိုးသက်ရောက်မှု**

ဤအကျိုးတူဖက်စပ်လုပ်ငန်းသို့ထည့်ဝင်ရမည့်ရင်းနှီးမြှုပ်နှံမှုကို FMIကုမ္ပဏီအုပ်စုအတွင်းရှိ အရင်းအနှီးများကိုအသုံးပြု၍ထည့်ဝင်မည်ဖြစ်ပြီး FMIကုမ္ပဏီအုပ်စုအသားတင်ပိုင်ဆိုင်မှုတန်ဖိုး၏ ၂.၉၉%[1] ခန့် ရှိမည်ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

ထွန်းထွန်း
အမှုဆောင်ဒါရိုက်တာ

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်။


**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township
Yangon 11401, Myanmar
Tel: (01) 3687766
www.fmi.com.mm


1ဤကြေညာချက်ထုတ်ပြန်သည့်၂၀၁၈ခုနှစ်ဇန်နဝါရီလ(၂၀)ရက်နေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှသတ်မှတ်သည့် ငွေလဲလှယ်နှုန်း အမေရိကန် (၁) ဒေါ်လာလျှင် မြန်မာကျပ်ငွေ(၁၃၄၆) ကျပ် အပေါ်အခြေခံ၍ တွက်ချက်ထားပါသည်။

## A. INCORPORATION OF A NEW SUBSIDIARY

## B. SIGNING THE CONTRACT

The Board of Directors of First Myanmar Investment Co., Ltd. (the "Company" and with its subsidiaries, the "Group") is pleased to announce that the Company has entered into a joint venture agreement (the "Agreement") with JCDecaux Asia(S) Pte Ltd., a fully controlled subsidiary of JCDecaux S.A. ("JCDecaux"), to establish a new joint venture company, FMIDecaux Co., Ltd. ("FMIDecaux") in order to transform Yangon's bus shelters into modern, functional and aesthetically pleasing information centers.

The Company's investment in FMIDecaux will be carried out through a newly incorporated company, the details of which are as follows:

| | |
|---|---|
| Name of Company: | FMIDecaux Company Limited |
| Place of Incorporation: | Myanmar |
| Initial paid-up share capital: | US$ 75,000/- |
| Interest: | Effective 40% interest held by the Company |

Under the Agreement, the agreed initial investment of the joint venture is US$13 million. It is envisioned that the Company will initially hold 40% stake and JCDecaux will hold 60% stake in FMIDecaux.

FMI and JCDecaux have been awarded by Yangon City Development Committee ("YCDC") for a period of 20 year as exclusive operator for advertising to 500 Bus Shelters and 500 City Information Panels ("CIP") within three years. Bus shelters will be featured in two designs, 'Mingalaba' and 'Foster' which were both created by JCDecaux's international team of designers. It is expected that FMIDecaux's first installation will begin in five months from the Contract Signing Date, 20 January 2018.

JCDecaux invented the concept of street furniture in 1964 and today is the global market leader in street furniture, transport advertising, billboard advertising and self-service bicycle hire. With more than 13,000 employees, JCDecaux is present in over 75 countries and 4,280 cities, where it offers high-quality street furniture and advertising solutions.

JCDecaux operates nearly 53,000 digital advertising panels globally, in the world's leading airports, metros, railway stations, shopping centers and public spaces. JCDecaux generated revenues of €3,393M in 2016.

**SIGNING THE CONTRACT**

Following the incorporation, FMIDecaux and YCDC have signed the contract for design, fabrication, installation, maintenance and operation of street furniture items and advertisement on these items in the City of Yangon on 20 January 2018.

FMIDecaux has received the MIC Permit on 30 December 2017.

**FINANCIAL EFFECTS**

The investment in this venture will be funded using internal sources and represents approximately 2.99%[1] of the Group's consolidated net assets at the date of this announcement.

By Order of the Board

Tun Tun

Executive Director

20 January 2018


**FIRST MYANMAR INVESTMENT CO., LTD.**

YSX Code 00001

The Campus

1 Office Park, Rain Tree Drive

Pun Hlaing Estate, Hlaing Thayar Township

Yangon 11401, Myanmar

Tel: (01) 3687766

www.fmi.com.mm


[1] Based on the prevailing Central Bank of Myanmar exchange rate of US $1 to Ks. 1346 on 20 January 2018.